Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
# Forum for Democracy in Burma

## ၂၀၁၀ ရွေးကောက်ပွဲ၏ မသမာမှုများကို ဖော်ထုတ်စုစည်းတင်ပြထားသည့် အစီရင်ခံစာဆိုင်ရာ သတင်းထုတ်ပြန်ချက်

၁။ ၂၀၁၀ ရွေးကောက်ပွဲ၏ မသမာမှုများကို ဖော်ထုတ်ဖွင့်ချ စုစည်းတင်ပြထားသော အစီရင်ခံစာတစောင်ကို **"မတရားဆုံး မတရားမှုများ"** အမည်ဖြင့် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ ယနေ့နေ့စွဲဖြင့် ထုတ်ပြန်လိုက်ပါသည်။

၂။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအနေဖြင့် ရွေးကောက်ပွဲအကြိုကာလအတွင်း နအဖစစ်အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့၏ ညစ်ပတ်မှုများနှင့် မလျော်ဩဇာသုံးမှုများကိုလည်း ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့က **"ကောက်ကျစ်မှုအဖုံဖုံ ညစ်နည်းစုံ"** အမည်ဖြင့် အစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုထုတ်ပြန်သော အစီရင်ခံစာတွင် အခန်း (၁၂) ခန်းခွဲ၍ အချက်အလက် အထောက်အထား အပြည့်အစုံဖြင့် စနစ်တကျ ဖော်ပြထားသည်။ နအဖစစ်အစိုးရ၊ ရွေးကောက်ပွဲကော်မရှင်၊ ကြံ့ဖွံ့ပါတီနှင့် အဆင့်ဆင့်သော အာဏာပိုင်များမှ မဲဆန္ဒရှင် ပြည်သူများကိုလည်းကောင်း၊ ယှဉ်ပြိုင်ဘက် နိုင်ငံရေးပါတီများကိုလည်းကောင်း နည်းသဏ္ဍာန်မျိုးစုံသုံး၍ ညစ်ပတ်ခဲ့ပုံ၊ မလျော်ဩဇာသုံးပြီး ဖိအားပေး အကြပ်ကိုင်ခဲ့ပုံ၊ ကြံ့ဖွံ့ပါတီ အနိုင်မရရအောင် တရားမဲ့စွာ ဆောင်ရွက်ခဲ့ပုံများကို အတိအလင်း ထောက်ပြထားပါသည်။

၄။ ရွေးကောက်ပွဲတခု၏ လွတ်လပ်မှုနှင့် တရားမျှတမှု ရှိမရှိကို တိုင်းတာသည့် နိုင်ငံတကာစံနှုန်း (၁၆) ချက်ကို ဤအစီရင်ခံစာတွင် ဖော်ပြထားပြီး နအဖစစ်အစိုးရမှ ပြုလုပ်ခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲသည် ၎င်းစံနှုန်းများအနက် တချက်နှင့်မျှ မကိုက်ညီကြောင်း ထောက်ပြထားပါသည်။ ထိုရွေးကောက်ပွဲ၏ ရလဒ်ဖြစ်သည့် ယနေ့ခေါ်ယူနေသော လွှတ်တော်များမှာလည်း တိုင်းပြည်၏ လက်ရှိအကြပ်အတည်းများကို ဖြေရှင်းပေးနိုင်မည့် အခြေအနေ လုံးဝကင်းမဲ့နေကြောင်းကို အစီရင်ခံစာတွင် အချက်အလက်များဖြင့် ထောက်ပြထားပါသည်။

၅။ ထို့အတွက် မိမိတို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအနေဖြင့် ...
၂၀၁၀ ရွေးကောက်ပွဲကို လွတ်လပ် တရားမျှတသော ရွေးကောက်ပွဲအဖြစ် လုံးဝ (လုံးဝ) အသိအမှတ်ပြုမည်မဟုတ်ကြောင်း၊
ရွေးကောက်ပွဲရလဒ်များကိုလည်း လုံးဝ (လုံးဝ) အသိအမှတ်ပြုမည်မဟုတ်ကြောင်း၊
၂၀၁၀ ရွေးကောက်ပွဲရလဒ်ကို ဆက်လက် ဆန့်ကျင်တိုက်ဖျက်သွားမည်ဖြစ်ကြောင်းနှင့်
တပြိုင်နက်တည်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကိုလည်း ဆက်လက် ဆန့်ကျင်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း
ဤအစီရင်ခံစာဖြင့် မိမိတို့၏ သဘောထားကို အလေးအနက် ထုတ်ပြန်ကြေညာအပ်ပါသည်။

မူဝါဒရေးရာဦးဆောင်အဖွဲ့
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ (၃၁) ရက်

ဆက်သွယ်ရန် - ကိုဌေးလင်း (၀၈၁ ၄၇၅၉ ၂၂၃)၊ ကိုတိတ်နိုင် (၀၈၁ ၂၈၇၈ ၇၅၁)
Website - www.fdburma.org